၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက်

# လွတ်လပ်ရေးနေ့

အထူးထုတ်

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ (စနေနေ့)

ကြေးမုံ



# စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအမြင်နှင့်အတူ တွေးမိသည့် လွတ်လပ်ရေးအတွေး

ယုံကြည်ချက်ရှိပြီး ခံယူချက်ကောင်းထားရှိဖို့လိုသည်။ လက်ရှိရောက်နေသည့် အခြေအနေအပေါ် မယုံမကြည်၊ အမြင်မရှင်း၍ လိုက်ပါမဆောင်ရွက်နိုင်ကြလျှင် အားလုံးနစ်နာ ဆုံးရှုံးရမည်ကို မြင်ထားစေလိုပါသည်။ လုပ်သမျှ အရာမထင်၊ ခရီးမပေါက်အောင် ပြင်းပြင်းထန်ထန် ဖျက်ဆီးနေကြဆဲဖြစ်သည်။ ပဋိပက္ခအရင်းခံသည့် လူသားအရင်းအမြစ်များစွာ ဆုံးရှုံးနေရသည်မှာ အားလုံးအသိဖြစ်ပြီး နိုင်ငံနှင့် လူမျိုးအတွက် အတော် နစ်နာရသည်။ ထို့ကြောင့် ပညာရေးမှ တစ်ဆင့် လူသားတန်ဖိုးများကို ပြန်လည်မြှင့်တင် ပေးနေရ

■ မိုးကေနိုင်

၂၀၂၄ ခုနှစ်အကုန်၊ ၂၀၂၅ ခုနှစ် နှစ်ဦးအစ အခါသမယ။

နှစ်ဟောင်း၊ နှစ်သစ်ကူးပြောင်းတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် လွတ်လပ်ခြင်းဆိုသော ဂုဏ်ပုဒ်နှင့်အတူ နှစ်သစ်ကို ကြိုဆိုကြသည်မှာ တစ်မျိုးသားလုံးအတွက် ထူးခြားသည့် ဝိသေသ တစ်ခုပင်။

ပြန်တွက်လျှင် အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှသည် ၇၇ နှစ်တိုင် လွတ်လပ်ရေးရပြီးကတည်းက လည်နေဆဲ အဆိုးသံသရာကြီးထဲမှာ ပြည်ထောင်စုကြီးမပြိုကွဲအောင်၊ လွတ်လပ်ရေးမယိုင်လဲအောင် စောင့်ရှောက်ထားနိုင်ဆဲဖြစ်သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်တံ့အောင် ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။ အချုပ်အခြာအာဏာ မကျိုးပျက်၊ ချိုးဖဲ့မခံရအောင်လည်း ကာကွယ်စောင့်ရှောက်ထားဆဲကို တွေ့ရသည်။

**လွတ်လပ်ခြင်းအရသာအတွက် စိတ်ဓာတ်များ ပြင်ရမည်**

လက်ရှိအခြေအနေများအရ နိုင်ငံအနေဖြင့် ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးနှင့် အချုပ်အခြာအရေး ထိုတာဝန်အရေးသုံးပါးက အထက်ပါအတိုင်း အရေးကြီးဆုံးဖြစ်နေသည်။ တိုင်းပြည်ကို တည်ငြိမ်အေးချမ်းအောင် ကြိုးစားဆောင်ရွက်နေရသလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကိုလည်း ဖန်တီးတည်ဆောက်နေရသည်။

တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတစ်ပြိုင်တည်းသွားနေသည့် အနေအထားတွင် ခြေလှမ်းဖြောင့်ဖြောင့် မလှမ်းနိုင်အောင် ဆူးငြောင့်ခလုတ် ကန်သင်းများက ထူပြောလှသည်။ မြန်မြန်ဆန်ဆန် ဖြစ်မှုပျက်မှုများနှင့် အလုပ်အရမ်းကြမ်းသည့် ကမ္ဘာကြီးမှာ လူသားအားလုံး မျှော်မှန်းချက်တစ်ခုဖြစ်သည့် လွတ်လပ်ခြင်းဆိုသည့် အရသာကို ရာနှုန်းပြည့် ပြည့်ပြည့်ဝဝ မခံစားနိုင်ကြသေးပါ …. ဆိုသည့်အချက်ကို အရှေ့အလယ်ပိုင်း အရေးကဲ့သို့သော ဆိုးဆိုးရွားရွား လတ်တလော ကမ္ဘာ့အရေးများကို သုံးသပ်၍ အထူးပြောစရာလိုမည်မထင်ပါ။ နိုင်ငံတစ်နိုင်ငံပျက်စီးဖို့နှင့် နိုင်ငံလွတ်လပ်ရေး ဆုံးရှုံးစေနိုင်သည့် အဖြစ်အပျက်များက ခေတ်သစ်ကိုလိုနီနယ်ချဲ့များ နှစ်ရှည်လများ ပုံဖော်ထားသည့် စနစ်တကျ ဖျက်ဆီးရေး အစီအမံများကြောင့်ဆိုသည်ကို မြင်နိုင်စွမ်းရှိရပါမည်။

နိုင်ငံရေးအရ တည်ငြိမ်မှု၊ စီးပွားရေးအရ တိုးတက်မှု၊ လူမှုရေးအရ မျှတမှုကို ထင်ဟပ်သည့် လွတ်လပ်ခြင်းနှင့် ဖွံ့ဖြိုးရေးမျှော်မှန်းချက် Vision အတွက် အခြေခံကောင်းများကို ဖြည့်ဆည်းပေးမည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်သော Mission များကို တိတိကျကျရှင်းရှင်းလင်းလင်း ချမှတ်ထားပြီးဖြစ်သည်။ အဓိကအရေးကြီးဆုံးက စေတနာပါပါဖြင့် ချမှတ်ထားသော အနာဂတ်အမြင်များအပေါ် ပါဝင်ဆောင်ရွက်သူအားလုံး၏ အတွေးများ ရှင်းလင်းကြည်လင်နေရန်ဖြစ်သည်။

**ယုံကြည်ချက်ရှိပြီး ခံယူချက်ကောင်းထားရှိဖို့လိုသည်။ လက်ရှိရောက်နေသည့် အခြေအနေအပေါ် မယုံမကြည်၊ အမြင်မရှင်း၍ လိုက်ပါမဆောင်ရွက်နိုင်ကြလျှင် အားလုံးနစ်နာဆုံးရှုံးရမည်ကို မြင်ထားစေလိုပါသည်။ လုပ်သမျှအရာမထင်၊ ခရီးမပေါက်အောင် ပြင်းပြင်းထန်ထန် ဖျက်ဆီးနေကြဆဲဖြစ်သည်။ ပဋိပက္ခအရင်းခံသည့် လူသားအရင်းအမြစ်များစွာ ဆုံးရှုံးနေရသည်မှာ အားလုံးအသိဖြစ်ပြီး နိုင်ငံနှင့်လူမျိုးအတွက် အတော်နစ်နာရသည်။ ထို့ကြောင့် ပညာရေးမှတစ်ဆင့် လူသားတန်ဖိုးများကို ပြန်လည်မြှင့်တင်ပေးနေရသည်။**

ငြိမ်းချမ်းမှ ပညာသင်နိုင်မည့်အနေအထားမှာ ပညာတတ်၊ ပညာရှင်များစွာ ပေါ်ထွက်လာရေး၊ ရှိပြီးသား ပညာတတ်များ ထပ်မံမဆုံးရှုံးရေး၊ ပညာရေးရေခံမြေခံကောင်းများစွာ ဖန်တီးပေးနေသည့် အခွင့်အလမ်းများကို လက်လွှတ်ခံ၍ မဖြစ်ပါ။ ရုပ်ပိုင်းအရင်းအမြစ်သာမက စိတ်ဓာတ်ပိုင်း၊ စိတ်ထားပိုင်းဆိုင်ရာများ တိုးတက်ဖွံ့ဖြိုးမှုသာ အနာဂတ်မျိုးဆက်အတွက် စိတ်ချရမည်ဖြစ်၍ စိတ်ဓာတ်များ၊ စိတ်ထားများပြုပြင်တည်ဆောက်ကြဖို့ကလည်း အဓိကလိုအပ်ချက်ဖြစ်နေသည်။ လူပီသဖို့နှင့် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့က လက်ရှိခါးသီးမှု အတွေ့အကြုံများအပေါ် သင်ခန်းစာယူ၍ ပညာရေးဖြင့်အဓိကတည်ဆောက်ရန်ဖြစ်သည့်အပြင် ဘာသာရေးဖြင့်ပါ ကူညီအားဖြည့်ပေးရန်ဖြစ်ပါသည်။

**တန်ဖိုးထားရမည့်အရာ တန်ဖိုးထားတတ်မှ**

ယနေ့အချိန်အခါတွင် အရေးကြီးသည်က ဖြည့်ဆည်းရမည့် စိတ်ဓာတ်ပိုင်းခံယူချက်နှင့် စိတ်ဓာတ်အရည်အသွေးများပင်ဖြစ်သည်ဟု ဆိုရမည်။ တန်ဖိုးထားရမည့်အရာကို တန်ဖိုးထားတတ်အောင် သံမှိုနှက်သလို ရိုက်သွင်းထားဖို့လိုသည်ဟု ထင်ပါသည်။ ယနေ့မျိုးဆက်

အထူးထုတ် [ ၈ ] သို့ »»»



နိုင်ငံတော်အစိုးရက အနာဂတ်မျိုးဆက်သစ်များအတွက် ပညာရေး ရေခံမြေခံကောင်းများစွာ ဖန်တီးပေးလျက်ရှိရာ (၂၁-၁၁-၂၀၂၄)ရက်နေ့က ဖွင့်လှစ်ခဲ့သည့် Naypyitaw State Polytechnic University ကို တွေ့ရစဉ်။



၁၄-၁၂-၂၀၂၄ ရက်နေ့က ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲမှုကြောင့် ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



၁၄-၁၂-၂၀၂၄ ရက်နေ့က ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာအကြား မိုင်းပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အစုန်ရထားလမ်းအား ပြန်လည်ပြုပြင်နေမှုကို တွေ့ရစဉ်။

**ယနေ့အချိန်အခါတွင် အရေးကြီးသည်က ဖြည့်ဆည်းရမည့် စိတ်ဓာတ်ပိုင်း၊ ခံယူချက်နှင့် စိတ်ဓာတ်အရည်အသွေးများပင်ဖြစ်သည်ဟုဆိုရမည်။ တန်ဖိုးထားရမည့်အရာကို တန်ဖိုးထားတတ်အောင် သံမှိုနှက်သလို ရိုက်သွင်းထားဖို့လိုသည်ဟုထင်ပါသည်။ ယနေ့မျိုးဆက်တို့ လွတ်လပ်ခြင်း၏ အရသာကို ကောင်းကောင်းခံစားလိုသော်လည်း လွတ်လပ်ရေး၏ တန်ဖိုးကိုကောသိကြရဲ့လားတွေးမိသည်။ နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ခက်ခက်ခဲခဲ ဘယ်လိုတိုက်ယူခဲ့ရသလဲ၊ လွတ်လပ်ရေးရဖို့ ဘယ်လိုအသက်သွေး ချွေးစတေးခဲ့ကြရသလဲ၊ ရပြီးသားလွတ်လပ်ရေးကြီး အစဉ်တည်တံ့နေအောင် ဘယ်လိုအရင်းအနှီးတွေ ပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်နေရသလဲ၊ ခံယူချက်မှန်ဖို့က အနည်းဆုံးတော့ ဒီမြေ၊ ဒီရေ၊ ဒီလေပိုင်နက်၏ တန်ဖိုးများကို နားလည်ဖို့လိုပါဦးမည်။**



အရှေ့အလယ်ပိုင်း ဒေသတွင် ပဋိပက္ခများ ဖြစ်ပွားမှုကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးပျက်စီးရလျက်ရှိသည်။

»»» အထူးထုတ် [ ခ ] မှ

တို့ လွတ်လပ်ခြင်း၏ အရသာကို ကောင်းကောင်း ခံစားလိုသော်လည်း လွတ်လပ်ရေး၏ တန်ဖိုးကိုကော သိကြရဲ့လား တွေးမိသည်။ နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ခက်ခက်ခဲခဲ ဘယ်လိုတိုက်ယူခဲ့ရသလဲ၊ လွတ်လပ်ရေးရဖို့ ဘယ်လိုအသက်သွေး ချွေးစတေးခဲ့ကြရသလဲ၊ ရပြီးသား လွတ်လပ်ရေးကြီး အစဉ်တည်တံ့နေအောင် ဘယ်လိုအရင်းအနှီးတွေ ပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်နေရသလဲ၊ ခံယူချက်မှန်ဖို့က အနည်းဆုံးတော့ ဒီမြေ၊ ဒီရေ၊ ဒီလေပိုင်နက်၏ တန်ဖိုးများကို နားလည်ဖို့ လိုပါဦးမည်။

ဆက်လက်၍စောင့်ရှောက်ထိန်းသိမ်းရမည့်တာဝန်၊ နိုင်ငံသားအားလုံးမှာ တာဝန်ရှိနေပါလား၊ အားလုံးဝိုင်းဝန်းတာဝန်ယူ၊ တာဝန်ကျေကြမှသာ နိုင်ငံနှင့်လူမျိုးအရှည်တည်တံ့မည်၊ နိုင်ငံမပျောက်မည်စသည်ဖြင့် ခံယူထားရန်ဖြစ်ပါသည်။ ယခုလောလောဆယ်တော့ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းဖို့က အထူးအရေးကြီးနေပါသည်။ နိုင်ငံရေးအရ တည်ငြိမ်ဖို့ဦးစွာလိုအပ်နေသည်။ ပညာရေး၊ ကျန်းမာရေးအပါအဝင် စီးပွားရေးဖွံ့ဖြိုးရန်နှင့် ကိုယ်တာဝန်ယူရသည့်နယ်ပယ်အလိုက် အဆုံးအရှုံးနည်းနည်းဖြင့် အောင်မြင်ရန်အတွက် စေတနာထားကြိုးစားကြရပါဦးမည်။

### သင်ခန်းစာယူသင့်တာယူပြီး ပြင်ဆင်ရမည့်အပိုင်းများ

နိုင်ငံတွင်းမှာ ငြိမ်းချမ်းရေးနှင့် ညီညွတ်မှုတွင် စိန်ခေါ်မှုများစွာ၊ အခက်အခဲများစွာနှင့် ရုန်းကန်နေရသည့်ကြားက နိုင်ငံတကာအခြေအနေသည်လည်း များစွာမကောင်းလှ။ ငါးရက်တာအတွင်း ပြိုကွဲပျက်စီးသွားသည့် အရှေ့အလယ်ပိုင်းဒေသက နိုင်ငံတစ်နိုင်ငံ၏ အခြေအနေကိုကြည့်ပြီး နောက်ခံသမိုင်း၊ သဘောသဘာဝချင်းမတူသော်ငြား သံဝေဂယူစရာများ သင်ခန်းစာယူစရာများအပြည့်၊ သတိရှိရှိ ပညာကြီးကြီးထား၍ ကြိုတင်ပြင်ဆင်ထားရမည့် အပိုင်းများ များစွာရှိနေနိုင်သည်ဟူ၍ ဆင်ခြင်မိပါသည်။

ကြိုတင်ပြင်ဆင်ရမည်ဆိုသည့်အပိုင်းမှာ ပညာနှင့်ယှဉ်သည့်တိုင်အောင် စိတ်ဓာတ်ဖြင့် မျှတစွာအနိုင်ယူလိုစိတ်ကို မွေးမြူရန်ဖြစ်သည်။ စိန်ခေါ်မှုများ ရှိလာလျှင် ရင်မဆိုင်လိုသော စိတ်ဓာတ်၊ ရင်မဆိုင်ရဲခြင်း၏ အစမှာ ကြောက်ရွံ့တတ်သည့် စိတ်ကြောင့်ဖြစ်သည်။ အရာရာလက်လျှော့ အရှုံးပေးလိုစိတ်များသည် အနိမ့်စားစိတ်ဓာတ်များဖြစ်၍ ထိုစိတ်ဓာတ်အမှား

အထူးထုတ် [ ဃ ] သို့ »»»

အထူးထုတ် [ ဂ ] မှ »»»

များ မမွေးမိဖို့လိုသည်။

အောင်မြင်လိုစိတ်က စီးပွားရေးနှင့် အားကစားအပါအဝင် နယ်ပယ်တိုင်းမှာ တိုးတက်မှုကို ဖြစ်ထွန်းစေသည်။ ကမ္ဘာမှာ ဖြစ်နေသည့် ပဋိပက္ခများကိုကြည့်၍ ရုပ်ပိုင်းဆိုင်ရာ အင်အားထက် စိတ်ဓာတ်နှင့် ပညာအင်အားသာလွန်သူကသာလျှင် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ပြီး အောင်မြင်မှုလည်း ရလေ့ရှိကြောင်း လေ့လာမိသည်။ ဤနေရာမှာ စိတ်ဓာတ်ဆိုသည်မှာ နိုင်ငံချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်များလည်း ပါဝင်နေပြီး ပညာဆိုသည့် အရာတွင်မူ အမှားအမှန်ကို ပညာသိဖြင့် စဉ်းစားဆင်ခြင်နိုင်စွမ်းကို ဆိုချင်ပါသည်။ ထိုစိတ်ဓာတ်နှင့် ပညာအပေါင်းမှ ရရှိလာသည့်ခွန်အားက လူတို့၏အတ္တနှင့် အမုန်းတရားများကို များစွာလျော့ပါးသွားစေပြီး ငြိမ်းချမ်းရေးသို့ ရှေးရှုပေးနိုင်သည်ကို တွေ့ရသည်။

သို့သော် ကံမကောင်းစွာပင် မိမိတို့လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းရေးကို မလိုလား၊ အဖျက်ဝဲသြဃထဲ တဝဲလည်လည်နှင့် အမှောင်ကို အလင်းထင်နေသူများစွာ ရှိဆဲဖြစ်သည်မှာ စိတ်မချမ်းသာစရာဖြစ်သည်။ ငြိမ်းချမ်းရေးကိုမလိုလား လက်နက်ကိုင်ရောင်စုံ အလွန်ပေါများလွန်းသည့် နိုင်ငံ၊ နွားကွဲကျားဆွဲမည့် ကျားချောင်းချောင်းနေသည့် အင်အားကြီးနိုင်ငံများ၏ အပြိုင်အဆိုင်ဖိအားအောက်မှာ ကြားမညပ်ရအောင် ထိန်းသိမ်းနေရသည့် နိုင်ငံ၊ အချင်းချင်းညီညွတ်မှုမရှိသည့် နိုင်ငံငယ်တစ်ခုမှာ အမြော်အမြင်ရှိရှိ ပညာရည်ပြည့်ပြည့်ဝဝနှင့် ခေါင်းဆောင်မျိုးမှမရှိလျှင် ထိုနိုင်ငံဟာ လွယ်လွယ်နှင့် ကျရှုံးသွားနိုင်သည်ကို သတိထားဖို့လိုပါမည်။

ဘယ်သူတွေ လက်နက်ကိုင်ပဋိပက္ခကို ဖန်တီးနေကြသလဲ၊ အပြုသမားနှင့် အဖျက်သမား တည်ဆောက်သူနှင့် ဖျက်ဆီးသူပြည်သူလူထုကို ဒုက္ခရောက်စေသူနှင့် ငြိမ်းချမ်းရေး လိုလားသူအကြား အရည်အသွေးများစွာ ကွာခြားသွားပါသည်။ နိုင်ငံကိုတကွဲတပြားဖြစ်စေချင်သူနှင့် မတူကွဲပြားမှုကို အသိအမှတ်ပြုစုစည်းလိုစိတ်ရှိသူခြားနားမှုရှိပါသည်။ တိုင်းပြည်အပေါ်ထားသည့်စေတနာ၊ ပြည်သူအပေါ်ထားသည့်သဒ္ဒါတရား၊ သံယောဇဉ်နှင့် ပညာဉာဏ်ကြီးမှု၊ မကြီးမှုတွင် မူတည်၍ ဆုတ်ယုတ်မှုနှင့်တိုးတက်မှု ကွဲပြားသွားနိုင်ပါသည်။

## ရုပ်တည်မှုများကွဲပြားခြင်းနှင့် ဖွံ့ဖြိုးရေးအမြင်

လက်ရှိအခြေအနေမှာ မိမိတို့ ဘယ်ဘက်က ရုပ်တည်ကြမလဲ အရေးကြီးပါသည်။ ရုပ်တည်မှုအပေါ်တွင် မူတည်၍ နိုင်ငံ့အနာဂတ်လှပခြင်း၊ မလှပခြင်း ဖြစ်လိမ့်မည်။

နောက်ဆုံးရုပ်တည်မှုတွေ ကွဲပြားစေဦးတော့ ဤမြေမှာနေ၊ ဤရေကိုသောက် ဘုံဆိုင်ရပ်နေတာချင်းတော့ အတူတူပါပဲ၊ ဘာကိုမြင်လို့ ဘယ်ကိုခွဲထွက်ချင်ကြသလဲ၊ အတ္တနှင့် လောဘနောက်မလိုက်ဘဲ ကိုယ်တို့အတူတကွ ရပ်တည်နေတဲ့ မြေကြီးပေါ် ပြိုလဲကျမသွားအောင်တော့ ပညာဉာဏ်ပါးပါးလေးရှိဖို့ လိုလိမ့်မည်။

လွတ်လပ်ရေးနှင့် လွတ်လပ်ခြင်းဟူသည်မှာ ခေတ်အဆက်ဆက်တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရမည့် ရတနာတစ်ပါးဖြစ်သည့် အလျောက် ထိုအမွေခံကောင်းကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ကောင်းကောင်းမွန်မွန် လက်ဆင့်ကမ်းနိုင်ရေးသည် အရေးကြီးပါသည်။ လွတ်လပ်ရေးကို ရယူသူက ရယူပေးခဲ့သည်။ ထိန်းသိမ်းသူကလည်း အကောင်းဆုံးထိန်းပေးခဲ့သည်။ အသီးသီး တာဝန်ကျေခဲ့ကြပါသည်။ ယနေ့ခေတ် ကျွန်တော်တို့တာဝန်ကား မိမိတို့သားသမီးများအပါအဝင် နောင်မျိုးဆက်တို့အတွက် ကောင်းတာများအားလုံး အကောင်းဆုံး လက်ဆင့်ကမ်းနိုင်ရေးဖြစ်သည်။

အနာဂတ်အတွက် ထောက်ကူမှုကောင်းဖြစ်ရန် ကျွန်တော်တို့မှာ တာဝန်ရှိသည်။ လွတ်လပ်ရေးကို ဘယ်လို ထိန်းသိမ်း စောင့်ရှောက်နေကြသလဲ၊ နောင်မျိုးဆက်တို့ ဆိုးကျိုးနည်းနည်းဖြင့် လုပ်နိုင်ကိုင်နိုင်ဖို့၊ ခံယူချက်မှန်ပြီး သိနားလည်ဖို့ လမ်းပြပေးရန် တာဝန်ရှိပါသည်။ အရေးကြီးသည်က နှစ်ဟောင်းမှ သင်ခန်းစာယူပြီး အားနည်းချက်၊ အားသာချက်ကို ဖော်ထုတ်နိုင်ရန်ပင်။ ဖော်ထုတ်နေရုံနှင့်လည်းမပြီး တွေ့ရှိချက်ကို အသုံးချရန်လည်း လိုလိမ့်မည်။

အတွင်းအပြင် အမှောင့်ပယောဂမျိုးစုံဆိုသည်ကတော့ အစိုးမရတဲ့အနတ္တတွေမို့ ရှိနေဦးမည်ဖြစ်၍ အကျပ်အတည်းကြားမှာ ပဋိပက္ခကို အကောင်းဆုံးဘယ်လို ဖြေရှင်းရမည်လဲ နည်းလမ်းပေးတတ်ဖို့လည်း အရေးကြီးသည်။ ယနေ့အချိန် ထိုတာဝန်များ မကျေပွန်ခဲ့၍ နောင်မျိုးဆက်တို့ လက်ထက်ရောက်မှ တိုင်းပြည်ကတိမ်းကပါးဖြစ်နိုင်သည်မျိုး၊ လူမျိုးပျောက်သည်မျိုးဖြစ်လာလျှင် ကျွန်တော်တို့တာဝန်လည်းမကင်း၊ လိပ်ပြာလုံနိုင်မည်လည်းမဟုတ်ပါ။

ယခု ပစ္စုပ္ပန်ကာလ မိမိတို့တစ်စု၊ တစ်ဖွဲ့ အတ္တသက်သက်ကြည့်၍ မိမိတို့ဘဝများ နိဂုံးမချုပ်စေလိုပါ။ တာဝန်ယူတာဝန်ခံလိုစိတ်မရှိ၊ သူများလက်ညှိုးထိုးအပြစ်ပုံချနေရုံနှင့်လည်း မပြီးပါ။ သူတို့လမ်းသူတို့ ကောင်းကောင်းလျှောက်နိုင်ကြဖို့အထိ ကောင်းသောလမ်းမှာ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်သွားနိုင်ဖို့၊ လမ်းပြပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိနေသည်။ ဤသည်ပင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအမြင် ဖြစ်ပါသည်။

**အချုပ်အားဖြင့် လွတ်လပ်ရေးနေ့ အခါသမယနှင့် ဆက်စပ်မိသော တစ်စွန်းတစ်စအတွေးများမှ အနာဂတ်မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်အတွက် ယခုလိုကာလမှာ ဘာကို ယုံကြည်ချက်ထားသင့်သလဲ၊ ဘယ်လိုခံယူထားသင့်သလဲ၊ ဘာလုပ်သင့်သလဲ၊ မိမိကိုယ်မိမိ သုံးသပ်ကြည့်ခြင်းဖြစ်သည်။ နှလုံးသားနှင့် ရေးခဲ့ရသော၊ သွေးနှင့်ရင်းပြီးရယူခဲ့ရသော၊ ဘိုးဘွားနောင်တော်အဆက်ဆက် လက်ဆင့်ကမ်းလာခဲ့သော လွတ်လပ်ရေးတန်ဖိုးကို နားလည်သဘောပေါက်ရန်နှင့် အသိအမှတ်ပြု တန်ဖိုးထားတတ်မှသာ အနာဂတ်အတွက်ကောင်းသောအမွေများ ဖြစ်လိမ့်မည်ဟူ၍ သုံးသပ်မိပါသည်။ ။**



**အောင်မြင်လိုစိတ်က စီးပွားရေးနှင့် အားကစားအပါအဝင် နယ်ပယ်တိုင်းမှာ တိုးတက်မှုကို ဖြစ်ထွန်းစေသည်။ ကမ္ဘာမှာဖြစ်နေသည့် ပဋိပက္ခများကိုကြည့်၍ ရုပ်ပိုင်းဆိုင်ရာအင်အားထက် စိတ်ဓာတ်နှင့် ပညာအင်အားသာလွန်သူကသာလျှင် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ပြီး အောင်မြင်မှုလည်း ရလေ့ရှိကြောင်း လေ့လာမိသည်။ ဤနေရာမှာ စိတ်ဓာတ်ဆိုသည်မှာ နိုင်ငံချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်များလည်း ပါဝင်နေတာဖြစ်ပြီး ပညာဆိုသည့်အရာမှာတော့ အမှားအမှန်ကို ပညာသိဖြင့် စဉ်းစားဆင်ခြင်နိုင်စွမ်းကို ဆိုချင်ပါသည်။ ထိုစိတ်ဓာတ်နှင့် ပညာအပေါင်းမှ ရရှိလာသည့်ခွန်အားက လူတို့၏အတ္တနှင့် အမုန်းတရားများကို များစွာလျော့ပါးသွားစေပြီး ငြိမ်းချမ်းရေးသို့ ရှေးရှုပေးနိုင်သည်ကို တွေ့ရ**

# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဋ္ဌမြုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ စနေနေ့။ Saturday, 4 January 2025 ၁၁၆၉၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် မင်္ဂလာအခါသမယ၌ တိုင်းရင်းသားပြည်သူများအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပိုင်နက်နယ်မြေ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သည့်နိုင်ငံအဖြစ် ဝင့်ထည်စွာရပ်တည်ခဲ့ပါသည်။ ကိုယ်ပိုင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းတို့ကို တင့်တယ်စွာ ပိုင်ဆိုင်ခဲ့ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား အားလုံးတို့သည် တစ်အူထုံ့ဆင်း သွေးသားရင်းပမာ ချစ်ကြည်လေးစားကြလျက် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကာ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖




ငွေဆောင်ကမ်းခြေတွင် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

## ငွေဆောင်ကမ်းခြေ၌ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကား

ငွေဆောင် ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂


**ယနေ့ ဖတ်စရာ**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ — စာမျက်နှာ » ၅

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း — စာမျက်နှာ » ၈

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း — စာမျက်နှာ » ၁၀

စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း — စာမျက်နှာ » ၁၂





ကြေးမုံ

# အမျိုးသားရေးဦးတည်ချက်များနှင့်အညီ လွတ်လပ်ရေးကိုထိန်းသိမ်းစောင့်ရှောက်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ ယခု ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း (၆၇) နှစ်ပြည့်မြောက်ပြီ ဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်သော မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသလို လွတ်လပ်ရေးနှင့်ထိုက်တန်သည့် တန်းတူညီမျှ အခွင့်အရေးများရရှိစေရန် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

လွတ်လပ်ရေးနှင့်ထိုက်တန်သည့် အခွင့်အရေးများ နိုင်ငံသူ၊ နိုင်ငံသားများ ခံစားရရှိနိုင်ရေးနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်တွင် ထင်ဟပ်ပေါ်လွင်စွာ တွေ့မြင်နိုင်သည်။ ပထမ အမျိုးသားရေးဦးတည်ချက်ဖြစ်သည့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး" အချက်သည် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် အရေးအကြီးဆုံးအချက်အဖြစ်ရှုမြင်နိုင်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပေါ်လျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများသည် တိုင်းရင်းသားလူမျိုးအချင်းချင်းကြားတွင်ဖြစ်ပေါ်နေသည့် ပြဿနာများဖြစ်၍ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်သည်။ လက်နက်ကိုင်ပဋိပက္ခများကို ထိရောက်စွာ မဖြေရှင်းနိုင်လျှင်သော်လည်းကောင်း၊ ပြဋ္ဌာန်းချမှတ်ထားသော ဥပဒေစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုကြီးအတွက် အရေး(၃)ချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေကာ တိုင်းပြည်ပြိုကွဲပျက်စီးနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။

အမျိုးသားရေးဦးတည်ချက် ဒုတိယအချက်ဖြစ်သည့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး" ကို အလေးအနက်ထားဆောင်ရွက်ကြမှသာ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ တတိယအချက်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး"ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုအချက်သည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်၍ အောင်မြင်ပြီးမြောက်စေရန် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စတုတ္ထအမျိုးသားရေးဦးတည်ချက်ဖြစ်သည့် "ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ 'စုပေါင်းအား' ဖြင့်ဆောင်ရွက်ရေး"ကို အားလုံးအသိစိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်ကြမှသာလျှင် ရည်မှန်းထားသည့်အတိုင်း အကောင်အထည်ပေါ်လာပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာကာ တိုင်းပြည်အေးချမ်းသာယာဝပြောမည်ဖြစ်သည်။ ပဉ္စမအမျိုးသားရေးဦးတည်ချက်ဖြစ်သည့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး"အချက်ကို အကောင်အထည်ပေါ်စေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမျိုးသားရေးအားမာန် တက်ကြွရှင်သန်နိုးကြားစေမည့် လှုပ်ရှားဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။

အမျိုးသားစိတ်ဓာတ်၊ အမျိုးသားအားမာန်များသည် နိုင်ငံတိုင်းနိုင်ငံတိုင်းရှိ နိုင်ငံသူ နိုင်ငံသားများ၏ နှလုံးသားတွင် အစဉ်အမြဲကိန်းအောင်းရှင်သန်နေရမည့် အရေးကြီးသော စိတ်ဓာတ်ဖြစ်သည်။ အမျိုးသားစိတ်ဓာတ်၊ အမျိုးသားအားမာန်များ ထက်သန်ခိုင်ကျည်မြင့်မားသောနိုင်ငံများသည် အင်အားတောင့်တင်းခိုင်မာ၍ ထည်ဝါစွာ ရပ်တည်နေထိုင်နိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုခွန်အားကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့နိုင်သည်။ အမျိုးသားစိတ်ဓာတ်၊ အမျိုးသားအားမာန်များ လျော့နည်းပြီး စည်းလုံးညီညွတ်မှုပျက်ပြားနေသောနိုင်ငံများတွင် နိုင်ငံပြိုကွဲပျက်စီးမည့်အခြေအနေများနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့၏တိုင်းပြည်နှင့်လူမျိုး ကောင်းစွာရှင်သန်ရပ်တည်နေရန်အတွက် အမျိုးသားစွမ်းအားများကို အမြဲမြှင့်တင်နေကြရမည်ဖြစ်သည်။ ထိုသို့မမြှင့်တင်နိုင်လျှင် နိုင်ငံ၏အချုပ်အခြာအာဏာ လျော့ပါးအားနည်းလာပြီး သူတစ်ပါးလက်ဝေခံဘဝသို့ ကျရောက်သွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ လွတ်လပ်သောနိုင်ငံ သူတစ်ပါးလက်အောက်မရောက်စေရန် နိုင်ငံသူ၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇွဲ၊ လုံ့လ၊ သတ္တိများဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် အမျိုးသားအားမာန်ဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၁၅ ခုနှစ်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁-၂၀၁၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၁၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၁၀၅ | ၃၁၂၀ | ၃၁၃၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၁၄၅ | ၃၁၀၀ | ၃၁၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၀၅ | ၃၁၇၅ | ၃၁၀၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၁၅ | ၃၂၄၀ | ၃၄၉၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၁၁၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၁၁၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၁၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်**

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုဂံရှုခင်း ဓာတ်ပုံ – ကျော်မျိုးသီဟ(ပြန်/ဆက်)

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

ဤသို့နေထိုင်ခဲ့ကြရာမှ ကိုလိုနီနယ်ချဲ့သမားများက သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် မတရားကျူးကျော်စစ် ၃ ကြိမ်တိုင်တိုင် ဆင်နွှဲခဲ့ပြီးနောက် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကိုလိုနီနယ်ချဲ့သမားများနှင့် ဖက်ဆစ်တို့ကို အမျိုးသားရေးဇာတိမာန်အရင်းခံသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ တွန်းလှန်တိုက်ထုတ်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးရရှိကာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်မှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ခဲ့ပါသော်လည်း နယ်ချဲ့သမားတို့သွေးခွဲချန်ထားရစ်ခဲ့သောမီးကြွင်းများ တညီးညီးတောက်လောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရန်၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်းကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သော တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် ဖိတ်ခေါ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ သို့သော်လည်း NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAO)အချို့သည် NCA ပါ ကတိကဝတ်များကို လိုက်နာမှုမရှိဘဲ ချိုးဖောက်နေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများနှင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင်မတူညီမှုများကိုအခြေခံသကဲ့သို့ တသီးတခြား ရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်ခဲ့ခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် လက်နက်ကိုင်သောင်းကျန်းသူများ၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်မှုများ၏နောက်ကွယ်တွင် အမျိုးမျိုးသောပံ့ပိုးမှုများ ပါဝင်ပတ်သက်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ကြပါသည်။

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့များအနေဖြင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပါသည်။ လက်နက်ကိုင်အကြမ်းဖက်တောင်းဆိုမှုများအပေါ် လိုက်လျောဖြေရှင်းပေးသွားမည် မဟုတ်ကြောင်းကိုလည်း အတိအလင်းကြေညာထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားကြရန်" တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့ သွေးဆုံကာ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့ရေးရာအခြေအနေများမှာ လွန်စွာနက်နဲရှုပ်ထွေးလာနေသောကြောင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှုအားဖြင့်သာ ရင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ "နွားကွဲလျှင် ကျားဆွဲ" ဟူသော စကားပုံရှိပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်ကိုအားအင်ချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးစေနိုင်ပါသည်။ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆက်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ယုံကြည်စွာဝန်းရံပေးကြရန် လိုအပ်ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် "နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းသွားကြပါရန်" အလေးအနက်တိုက်တွန်းအပ်ပါသည်။

**❝ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်ကိုအားအင်ချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးစေနိုင်ပါသည်။ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရန် အရေးကြီးပါသည်။ ခေတ်အဆက်ဆက် အသက်၊ သွေး၊ ချွေးများ ရင်းနှီးပေးဆက်ခဲ့သော မြန်မာ့တပ်မတော်နှင့် မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ယုံကြည်စွာဝန်းရံပေးကြရန် လိုအပ် ❞**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရန်ဖြစ်ပါသည်။ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ (၁၅)ရက်အထိ ဆောင်ရွက်ခဲ့ပြီး တိကျမှန်ကန်သည့် အတည်ပြုလူဦးရေစာရင်းကို ဆက်လက်ပြုစု၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မဲပေးပိုင်ခွင့်ရှိသူ မဲစာရင်းပြုစုနိုင်ရေးပေးပို့သွားရန် ဆောင်ရွက်လျက်ရှိပါသည်။ စည်းစနစ်ကျနသည့်၊ တရားမျှတပြီး သိက္ခာရှိသည့် အထွေထွေရွေးကောက်ပွဲဖြစ်စေရေးနှင့် ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားလိုပါသည်။

"စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး" အတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အခက်အခဲအကျပ်အတည်းများ ကြုံတွေ့ရပါက ရပ်တန့်နေ၍မရဘဲ ရှေ့သို့ဆက်လက်လှမ်းချီနေရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟုခံယူကာ ပြည်သူများစားဝတ်နေရေး ပြေလည်မှုမှတစ်ဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာပြီး

**စာမျက်နှာ ၄ သို့ ❖**

❖ စာမျက်နှာ ၃ မှ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသော ကုန်ထုတ်စွမ်းအားကို ဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်စေနိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏ GDP တိုးတက်လာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ လူမှုဘဝများဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။

တိုင်းပြည်တစ်ပြည် တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက် ပညာသင်ယူခွင့်ရရှိမည် ဖြစ်ပါသည်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေးခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေးစွမ်းပကားဟူသော အားသုံးအားကို ကြိုးစားတည်ဆောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ "ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး၏ **စုပေါင်းအားဖြင့်**ဆောင်ရွက်ကြပါရန်" တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို ကြိုးစားတည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **နိုင်ငံရေးတွင်** ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရိုသေလေးစားလျက် နိုင်ငံရေးဦးတည်ချက် (၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ရှေ့သို့လှမ်းချီရာတွင် နိုင်ငံ့**စီးပွားရေး**ကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးမောင်းနှင်အားပင်ဖြစ်ပါသည်။ နိုင်ငံ၏ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုသည် နိုင်ငံတော်**ကာကွယ်**ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးသည် မြန်မာ" (We are Myanmar) ဟူသော စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သော အမျိုးသားစိတ်ဓာတ်ဖြင့်နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး**ကို လက်တွဲအကောင်အထည်ဖော်ကြရန် သန္နိဋ္ဌာန်ချဆောင်ရွက်ကြရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး**ဟူသော အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။

တိုင်းပြည်သာယာဝပြောရေးသည် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်နေသော အရေးကိစ္စဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းရေးသည်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ပတ်သက်နေသောကိစ္စဖြစ်ပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဝါသီးနှံအထွက်တိုးရေးတို့ကိုဆောင်ရွက်လျက်ရှိပါသည်။ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးစီမံကိန်းများကို တိုးချဲ့အကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ဝတ်စုံစရိတ်နှင့် အိမ်ငှားစရိတ်များ၊ အပိုထောက်ပံ့ကြေးငွေများ ခံစားခွင့်ပြုခဲ့သည့်အပြင် နေထိုင်မှုအဆင်ပြေစေရေးအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးလျက်ရှိပါသည်။ ဆရာ ဆရာမများအား ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ လစဉ်ပေးအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများ၏ ပညာသင်ထောက်ပံ့ကြေးများကို တိုးမြှင့်ပံ့ပိုးပေးလျက်ရှိပါသည်။

**အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး**တို့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးလျက်ရှိသကဲ့သို့ နိုင်ငံတစ်ဝန်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် "ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်" ဟူသောမူဝါဒကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် အောင်မြင်စွာကျင်းပခဲ့ကာ ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား ကျောင်းသူများဖြစ်လာစေရန် ပျိုးထောင်ပေးလျက်ရှိပါသည်။

သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဆိုသည့်ဆောင်ပုဒ်အတိုင်း "နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်" ကြစေလိုပါကြောင်း အလေးပေးကာနှိုးဆော်အပ်ပါသည်။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက် (၅)ရပ်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက သွေးစည်းညီညွတ်စွာဖြင့် အလေးအနက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။ ။

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၃) သင်တန်းဆင်းပွဲ၊ ကျမ်းသစ္စာပြုပွဲ အခမ်းအနားကျင်းပ





နေပြည်တော် ဇန်နဝါရီ ၃

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၃) သင်တန်းဆင်းပွဲနှင့် ကျမ်းသစ္စာပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ် Judicial College ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းဆင်း ဒုတိယမြို့နယ် တရားသူကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၃၃) ၌ ကင်းဝန်အသင်းဆုရရှိသူ သင်တန်းသူ ဒေါ်အေမွန်ခင်အား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြီးက လည်းကောင်း၊ ယောအသင်းဆုရရှိသူ သင်တန်းသူ ဒေါ်ခင်မြတ်မြတ်ထက်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးကြည်သိန်း က လည်းကောင်း၊ ဦးမေအောင် အသင်းဆုရရှိသူ သင်တန်းသူ ဒေါ်ဇာနှင်းပွင့်ဦးအား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးမောင်က လည်းကောင်း၊ ဒေါက်တာဘဦး အသင်းဆုရရှိသူ သင်တန်းသူ ဒေါ်အိလင်းထက်အားပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က လည်းကောင်း၊ စံပြဆုရရှိသူ သင်တန်းသူ ဒေါ်ချောယဉ်မင်းအား ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ကျမ်းသစ္စာပြု**

ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား ဦးမင်းသန့်ဖြိုးထံ သင်တန်းဆင်း မှတ်တမ်းလွှာများ ပေးအပ်ပြီး တရားသူကြီးတာဝန် စတင်ထမ်းဆောင်မည့် သင်တန်းသား သင်တန်းသူ တရားရေးအရာရှိများက ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ရှေ့မှောက်၌ ကျမ်းသစ္စာပြုခဲ့ကြသည်။

သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ သုံးလကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၈၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ ငွေဆောင်ကမ်းခြေမှ

ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်းရှည်လျားခြင်း၊ သဲသောင်ပြင်သန့်ရှင်းခြင်း၊ ပင်လယ်ရေကြည်လင်ခြင်း၊ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုကောင်းမွန်ခြင်းတို့ကြောင့် ပြည်တွင်းသာမက ပြည်ပခရီးသွားဧည့်သည်များပါ စဉ်ဆက်မပြတ် လာရောက်အပန်းဖြေရာ ကမ်းခြေတစ်ခုဖြစ်ကြောင်း သိရသည်။

ငွေဆောင်မြို့သို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် မြို့ထဲရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်ယူခြင်း၊ ကမ်းခြေတွင်လမ်းလျှောက်ခြင်း၊ အပန်းဖြေခြင်း၊ ရေကူးခြင်းတို့အပြင် speedboat၊ BananaBoat တို့ဖြင့် ငွေဆောင်၏ အထင်ကရ ကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူတို့သို့ သွားရောက်လည်ပတ်ခြင်း၊ မိုးမခဆင်စခန်းနှင့် ငွေဆောင်ဆင်စခန်းတို့သို့လည်း သွားရောက်လည်ပတ် အပန်းဖြေခဲ့ကြကြောင်း သိရသည်။

ကျော်လင်းဦး(ပြန်/ဆက်)

■

ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု အစဉ်အလာများအပေါ် အခြေခံပါသည်။

အခါအခွင့်ကြုံခိုက် ၂၀၂၅ နှစ်သစ်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ အဆွေတော် ကျန်းမာ၊ ပျော်ရွှင်၍ အောင်မြင်မှုများ ရရှိပါစေကြောင်း နှင့် မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှူစတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရကိုယ်စားနှင့် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးမှုများအပေါ် အခြေခံသည့် ရုရှား-မြန်မာ ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကျေနပ်အားရကြောင်း ပြောကြားလိုပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာပြီး အလားအလာရှိသော ပူးတွဲစီမံကိန်းများလည်း အသက်ဝင်လာသည်ကို တွေ့ရှိရပါသည်။

နယ်ပယ်ပေါင်းစုံတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်လျက် မိမိတို့ နှစ်နိုင်ငံအစိုးရအကြား တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆန္ဒရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် ရုရှားနှင့် မြန်မာ နှစ်နိုင်ငံ အကျိုးစီးပွားနှင့် အပြည့်အဝကိုက်ညီမှုရှိပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများအားလုံး ပျော်ရွှင်၊ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ သမ္မတ မစ္စတာ ရမ် ချန်ဒရာ ပေါ်ဒဲလ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ထို့အပြင် မြန်မာပြည်သူများ ဆက်လက်၍ တိုးတက်မှုနှင့် သာယာဝပြောမှုများ ရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ ပီ ရှာမာ အိုလီ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအား နီပေါအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။ ဖော်ရွေသည့် မြန်မာပြည်သူများ ဆက်လက်၍ တိုးတက်မှုနှင့် သာယာဝပြောမှုများ ရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ကမ္ဘောဒီးယားပြည်သူများနှင့် မိမိမှ ဂုဏ်ပြုဝမ်းမြောက်စကားများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တူညီသည့် ရိုးရာယဉ်ကျေးမှုနှင့် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့ကို အခြေခံ၍ နှစ်နိုင်ငံအကြား ကာလရှည်ကြာ နီးကပ်စွာတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို မိမိအနေဖြင့်အထူးအလေးထားပါကြောင်းနှင့် မိမိတို့အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်တွင် ပိုမိုတိုးတက်မှုရှိလာမည်ကို အခိုင်အမာယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နှစ်သစ်တွင် မြန်မာပြည်သူများအားလုံးသည် ငြိမ်းချမ်းမှု၊ ကျန်းမာရွှင်လန်းမှုနှင့် ပျော်ရွှင်မှုတို့ကို ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ခိုင်မာစွာ တည်ဆောက်ထားပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးထားပါသည်။ မိမိတို့ နှစ်နိုင်ငံသည် ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ နွေးထွေးပျူငှာသည့်ဆက်ဆံရေးကို အတူတကွ မျှဝေခံစားလျက်ရှိကြပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် နီးကပ်သည့်စေ့စပ်ညှိနှိုင်းမှုများဖြင့် ပိုမိုခိုင်မြဲလာသည်ကို တွေ့မြင်ရသဖြင့် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလက တရုတ်နိုင်ငံ၊ ကူမင်းမြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် CLMV အစည်းအဝေးကာလအတွင်း ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံတွေ့ဆုံမှုက မိမိတို့အကြား တည်ရှိပြီးဖြစ်သည့် နွေးထွေးသည့်ဆက်ဆံရေးနှင့် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုအားကောင်းလာစေပါသည်။

အခါအခွင့်ကြုံခိုက် နှစ်နိုင်ငံပြည်သူများ ကြွယ်ဝမှုနှင့် ကျန်းမာရွှင်လန်းစေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာလာစေရန် မိမိအနေဖြင့် နှစ်နိုင်ငံအကြား သာမက ဘက်ပေါင်းစုံမဏ္ဍိုင်အောက်၌ အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ လာမည့်နှစ်တွင် နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်မှု နှစ်(၇၀)ပြည့်မြောက်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား လေးနက်မှုရှိသည့် အထိမ်းအမှတ် အခမ်းအနားများကို အတူတကွပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း ပြောကြားလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်စန္ဒား လူကာရှန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်ခဲ့ပြီး နှစ်ပေါင်း (၇၇)နှစ်ကျော်ကာလတွင် အဆွေတော်တို့၏ မြန်မာနိုင်ငံသည် စိန်ခေါ်မှုများကြားမှ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့၌ သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ လူသားချင်းစာနာထောက်ထားမှု စသည့် ကဏ္ဍများတွင် ဘယ်လာရုစ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု၏ အလားအလာကောင်းများကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံ ပိုမိုနီးကပ်လာစေရန် အခွင့်အလမ်းသစ်များကို ရှာဖွေသွားရန် မိမိအနေဖြင့် စိတ်ပါဝင်စားလျက်ရှိသည်ကို ပြောကြားလိုပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ငြိမ်းချမ်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စာမျက်နှာ ၆ သို့ »»

»» စာမျက်နှာ ၅ မှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရိုမန် ဂိုလော့ဗ်ချန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဘယ်လာရုစ်နိုင်ငံ အစိုးရကိုယ်စား လည်းကောင်း၊ မိမိကိုယ်စား လည်းကောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း လှိုက်လှဲစွာပြောကြားလိုပါသည်။

နိုင်ငံတိုင်းသည် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတွင် ဂုဏ်သိက္ခာရှိသည့် နေရာတစ်နေရာ ရရှိပြီး ၎င်းတို့၏ သဘောဆန္ဒကို ထုတ်ဖော်ပြောကြားခွင့်ရှိသော သာတူညီမျှရှိသည့် ကမ္ဘာ့အစီအစဉ်အတွက်နှင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားနှင့်အညီ လွတ်လပ်၍ အမှီအခိုကင်းသည့် လမ်းကြောင်းအတွက် မိမိတို့နိုင်ငံများသည် ယုံကြည်မှုဖြင့် ပေါင်းစည်းညီညွတ်လျက်ရှိပါသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အဆင့်အသီးသီးတွင် ထိတွေ့ဆက်ဆံမှုများ မြှင့်တင်သွားပြီး နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်နိုင်ရန် ဆန္ဒရှိပါသည်။

| ၄၇။ ဦးသက်နိုင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၈။ ဦးသန်းထွန်းဦး | လက်ထောက်ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄၉။ ဦးသန်းထိုက် | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၅၀။ ဦးဝင်းထွဋ် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၅၁။ ဦးဘစန်းလှ | ဦးစီးအရာရှိ (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၅၂။ ဦးညိုဦးသန်းတိုး | ဦးစီးအရာရှိ (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၅၃။ ဒေါ်ဆွေဆွေဦး | ဦးစီးအရာရှိ (မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**(ဆက်လက်ဖော်ပြပါမည်)**

# စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၃ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် အောက်ဖော်ပြပါ ညီလာခံကိုယ်စားလှယ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်အား ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**
**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးချုပ်သိန်းငွေ(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဦးစိုးမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | တရားရုံးချုပ် |
| ၃။ ဦးတင်အုံး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လေကြောင်းပို့ဆောင်ရေး |
| ၄။ ဦးကျော်ခိုင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန |
| ၅။ ဦးသောင်းရွှေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန |
| ၆။ ဦးခင်မောင်ထူး | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း |
| ၇။ ဦးခင်မောင်သိန်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး |
| ၈။ ဦးဌေးအောင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း |
| ၉။ ဦးအောင်သိမ်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၁၀။ ဦးတင်မောင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပင်စင်ဦးစီးဌာန |
| ၁၁။ ဦးမြတ်သင်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန |
| ၁၂။ ဦးခင်ငြိမ်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အကောက်ခွန်ဦးစီးဌာန |
| ၁၃။ ဦးမောင်တိုး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အခွန်အယူခံခုံအဖွဲ့ရုံး |
| ၁၄။ ဒုတိယဗိုလ်မှူးကြီးသိန်းဟန် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီရုံး |
| ၁၅။ ဦးကျော်အေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ရှေ့နေချုပ်ရုံး |
| ၁၆။ ဦးကြည်လွင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန |
| ၁၇။ ဦးသန်းမောင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း |
| ၁၈။ ဒေါက်တာသန်းထိုက် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| ၁၉။ ဦးတင်လှ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | သစ်တောဦးစီးဌာန |
| ၂၀။ ဦးလှဖေ | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့သစ်လုပ်ငန်း |
| ၂၁။ ဦးတင်ဝင်း | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း |
| ၂၂။ ဦးဝင်းမောင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၂၃။ ဦးစိန်လွင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း |
| ၂၄။ ဦးစိုးမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၅။ ဗိုလ်မှူးကြီးတင်ဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စက်မှုစီမံကိန်းဦးစီးဌာန |
| ၂၆။ ဦးတင်အောင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း |
| ၂၇။ ဦးဝင်းဇော်ညွှန့် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | စက်မှုညွှန်ကြားရေးဦးစီးဌာန |
| ၂၈။ ဒေါက်တာခင်မောင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး |
| ၂၉။ ဦးညီပု | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန |
| ၃၀။ ဦးမင်းအောင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ၃၁။ ဦးထွန်းရွှေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃၂။ ဦးမင်းလှအောင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)/ အကြံပေးပုဂ္ဂိုလ် | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန |
| ၃၃။ ဦးမောင်မောင်သန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အဆင့်မြင့်ပညာဦးစီးဌာန |
| ၃၄။ ဦးလှထွန်းအောင် | ပါမောက္ခချုပ်(ငြိမ်း) | မော်လမြိုင်တက္ကသိုလ် |
| ၃၅။ ဦးအောင်သန်း | ပါမောက္ခချုပ် (ငြိမ်း) | ရန်ကုန်စက်မှုတက္ကသိုလ် |
| ၃၆။ ဒေါက်တာစိန်ရီ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | တိုင်းရင်းဆေးပညာဦးစီးဌာန |
| ၃၇။ ဒေါက်တာမြင့်လွင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ဆေးသုတေသနဦးစီးဌာန |
| ၃၈။ ဦးနေစိုးနိုင် | ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| ၃၉။ ဦးစောသိန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဦးစီးဌာန |
| ၄၀။ ဒေါ်ခင်သန်းတင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စာရင်းစစ်ချုပ်ရုံး |
| ၄၁။ ဦးခင်မောင်မြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ဝန်ထမ်းရေးရာဦးစီးဌာန |
| ၄၂။ ဦးလှကြည် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန |
| ၄၃။ ဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ ဗိုလ်မှူးကြီးခင်မောင်ဆန်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ ဗိုလ်မှူးကြီးမင်းသော်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ ဗိုလ်မှူးကြီးအုန်းချို(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ ဗိုလ်မှူးကြီးနိုင်လွင်ဦး(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ ဗိုလ်မှူးကြီးတင်ဦး(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ ဗိုလ်မှူးကြီးမြသန်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ ဦးဇော်မြင့်ဖေ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံး |
| ၅၁။ ဦးသန်းထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး |
| ၅၂။ ရဲမှူးချုပ်ခင်မောင် | မှူခင်းတပ်ဖွဲ့မှူး(ငြိမ်း) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် |
| ၅၃။ ဗိုလ်မှူးကြီးရဲမြင့် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| ၅၄။ ဦးဇော်ထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အကျဉ်းဦးစီးဌာန |
| ၅၅။ ဦးခင်မောင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၅၆။ ဦးမြင့်ကြိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန |
| ၅၇။ ဦးမြတ်ထွေး | အထွေထွေမန်နေဂျာ(ငြိမ်း) | မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း |
| ၅၈။ ဦးသန်းဌေး | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန |
| ၅၉။ ဦးသိန်းအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန |
| ၆၀။ ဦးလောရင့်(စ်)သော် | ကျောင်းအုပ်ကြီး(ငြိမ်း) | ဘားအံဒီဂရီကောလိပ် |
| ၆၁။ ဒေါက်တာလှမြင့် | ကျောင်းအုပ်ကြီး(ငြိမ်း) | ပဲခူးဒီဂရီကောလိပ် |
| ၆၂။ ဦးကောင်းလှ | စစ်ဆေးရေးမှူးချုပ်(ငြိမ်း) | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း |
| ၆၃။ ဦးစိုးလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန |
| ၆၄။ ဦးထွန်းအောင် | အထွေထွေမန်နေဂျာ(ငြိမ်း) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၆၅။ ဒုတိယဗိုလ်မှူးကြီးချစ်လွင်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၆။ ဒုတိယဗိုလ်မှူးကြီးအောင်ကျည်ထွဏ်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၇။ ဒုတိယဗိုလ်မှူးကြီးထွေးမောင်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၈။ ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၉။ ဒုတိယဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၀။ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၁။ ဒုတိယဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၂။ ဒုတိယဗိုလ်မှူးကြီးရဲအောင်တိုး(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၃။ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ ဒုတိယဗိုလ်မှူးကြီးစိုးသိမ်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၅။ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၆။ ဦးကိုကိုကြီး | ညွှန်ကြားရေးမှူး (ငြိမ်း) / အကြံပေးအရာရှိ | နိုင်ငံတော်သမ္မတရုံး |
| ၇၇။ ဒေါ်စောကြည်ကြည် | ညွှန်ကြားရေးမှူး(ငြိမ်း) | အစိုးရအဖွဲ့ရုံး |
| ၇၈။ ဦးဘဟန် | ညွှန်ကြားရေးမှူးငြိမ်း) | တရားရုံးချုပ် |
| ၇၉။ ဦးမောင်မောင် | ညွှန်ကြားရေးမှူး(ငြိမ်း) | တရားရုံးချုပ် |
| ၈၀။ ဦးခင်မောင်မြင့် | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း |
| ၈၁။ ဦးအောင်ဆန်းဝင်း | ရေကြောင်းပြမှူးကြီး(ငြိမ်း) | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| ၈၂။ ဦးမြင့်အောင် | ရေကြောင်းပြမှူးကြီး(ငြိမ်း) | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် |
| ၈၃။ ဦးမြင့်သောင်း | အကြံပေးအရာရှိ(ငြိမ်း) | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၈၄။ ဒေါ်သန်းမြိုင် | ညွှန်ကြားရေးမှူး(ငြိမ်း) | စီမံကိန်းရေးဆွဲရေးဦးစီးဌာန |
| ၈၅။ ဦးအောင်ကျော်စိုး | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) | မြန်မာ့စီးပွားရေးဘဏ် |
| ၈၆။ ရဲမှူးကြီးဝင်းကြည် | ဒုတိယကွပ်ကဲရေးမှူး(ငြိမ်း) | ရဲတပ်ရင်းများကွပ်ကဲမှု အဖွဲ့မှူးရုံး |
| ၈၇။ ဦးဝမ်းတင် | တိုင်းမင်းကြီး(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၈၈။ ဦးကျော်လှိုင် | ညွှန်ကြားရေးမှူး(ငြိမ်း) | စည်ပင်သာယာရေးဦးစီးဌာန |
| ၈၉။ ဦးဘဟိန်း | ညွှန်ကြားရေးမှူး(ငြိမ်း) | သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန |
| ၉၀။ ဦးမောင်မောင်သွင် | ညွှန်ကြားရေးမှူး(ငြိမ်း) | ဆည်မြောင်းဦးစီးဌာန |
| ၉၁။ ဦးတင်ဝင်း | ညွှန်ကြားရေးမှူး(ငြိမ်း) | ငါးလုပ်ငန်းဦးစီးဌာန |
| ၉၂။ ဦးမြင့်သိဏ်း | ဌာနမှူး(စီမံ)(ငြိမ်း) | သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (သန်လျင်) |
| ၉၃။ ဦးအောင်ကြည် | ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း |
| ၉၄။ ဦးစိုးလှိုင် | ညွှန်ကြားရေးမှူး(ငြိမ်း) | စက်မှုဆောင်ရွက်မှုလုပ်ငန်း |
| ၉၅။ ဦးမြသောင်း | ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့ဖရစ်ဝါနာစက်မှု လုပ်ငန်းကုမ္ပဏီလီမိတက် |
| ၉၆။ ဦးသန်းထွန်း | ညွှန်ကြားရေးမှူး(ငြိမ်း) | မြန်မာ့အကြီးစားစက်မှုလုပ်ငန်း |

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

| | | | |
|---|---|---|---|
| ၉၇။ | ဒေါ်အေးသန်း | ပါမောက္ခ(ငြိမ်း) | စိတ်ပညာဌာနစိတ် |
| ၉၈။ | ဦးခွန်ဘရင် | ပြည်နယ်ပညာရေးမှူး(ငြိမ်း) (ရှမ်းပြည်နယ်) | ပညာရေးဝန်ကြီးဌာန |
| ၉၉။ | ပါမောက္ခဒေါက်တာ မောင်မောင်စိန် | အကြံပေးပုဂ္ဂိုလ်(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀၀။ | ဒေါက်တာခင်မောင်ထူး | ပါမောက္ခ၊ အရိုးကုပါရဂူ(ငြိမ်း) | ဆေးတက္ကသိုလ်(၁) ရန်ကုန် |
| ၁၀၁။ | ဒေါက်တာဟန်စော | ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) | ခွဲစိတ်ကုပညာဌာန |
| ၁၀၂။ | ဦးတင်ညို | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) | မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း |
| ၁၀၃။ | ဦးသိန်းလွင် | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) | မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း |
| ၁၀၄။ | ဦးအောင်မင်း | ဌာနမှူး(ငြိမ်း) | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ |
| ၁၀၅။ | ဒေါ်စန်းမြင့် | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး |
| ၁၀၆။ | ဦးကျော်စိုး | ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း) | ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း |
| ၁၀၇။ | ဦးကြည်လွင် | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာန |
| ၁၀၈။ | ဦးမောင်ကို | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန |
| ၁၀၉။ | ဦးတင်ထွန်း | ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) | မြန်မာ့အထွေထွေနှင့်ပြုပြင် ထိန်းသိမ်းရေးစက်မှုလုပ်ငန်း |
| ၁၁၀။ | ဦမြင့်သိန်း | လက်ထောက်စက်ရုံမှူး(ငြိမ်း) | ရွှေတောင်အဆင့်မြင့်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံ |
| ၁၁၁။ | ဦးကြည်ဝင်း | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန |
| ၁၁၂။ | ဦးသိန်းအောင် | ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေး)(ငြိမ်း) | အမှတ်(၁) အခြေခံပညာဦးစီးဌာန (ရန်ကုန်) |
| ၁၁၃။ | ဦးသိန်းဇံ | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) | နိုင်ငံတော်သမ္မတရုံး |
| ၁၁၄။ | ဗိုလ်ကြီးကျော်လွင် | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) | စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန |
| ၁၁၅။ | ဦးမြင့်ဆွေ | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) | သမဝါယမဦးစီးဌာန |
| ၁၁၆။ | ဒေါ်စန်းလေး | ကျောင်းအုပ်ကြီး(ငြိမ်း) | အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း |
| ၁၁၇။ | ဦးချစ်လှိုင် | ကျောင်းအုပ်ကြီး(ငြိမ်း) | ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း (မန္တလေး) |
| ၁၁၈။ | ဦးစောထွန်းစိန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁၉။ | ဦးမြင့်သိန်းဖေ | ဥက္ကဋ္ဌ(ငြိမ်း) | မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး |
| ၁၂၀။ | ဒေါက်တာမြင့်သိန်း | ဥက္ကဋ္ဌ(ငြိမ်း) | မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ |
| ၁၂၁။ | ဒေါက်တာတင်တင်မွန် | ဥက္ကဋ္ဌ(ငြိမ်း) | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) |
| ၁၂၂။ | ဒေါ်မြင့်သန်း | အဖွဲ့ဝင်(ငြိမ်း) | မြန်မာစာအဖွဲ့ |
| ၁၂၃။ | ဦးကွမ်ကျဲတောင် | | ကချင်ပြည်နယ် |
| ၁၂၄။ | ဦးမန်ဂူထတန် | | ကချင်ပြည်နယ် |
| ၁၂၅။ | ဦးဆိုင်းနော် | | ကချင်ပြည်နယ် |
| ၁၂၆။ | ဦးညွန့်ဝင်း | | ကချင်ပြည်နယ် |
| ၁၂၇။ | ဦးဟောင်းဂျုံး | | ကချင်ပြည်နယ် |
| ၁၂၈။ | ဦးဆွမ်လွတ်နော် | | ကချင်ပြည်နယ် |
| ၁၂၉။ | ဦးဝေါ့လော်ဟောင်းခေါင် | | ကချင်ပြည်နယ် |
| ၁၃၀။ | ဦးမန်ကျီဇောင်းခေါင် | | ကချင်ပြည်နယ် |
| ၁၃၁။ | ဦးဟော်လောဂျီး | | ကချင်ပြည်နယ် |
| ၁၃၂။ | ဦးမလန်တူး | | ကချင်ပြည်နယ် |
| ၁၃၃။ | ဦးလီကျားတား | | ကချင်ပြည်နယ် |
| ၁၃၄။ | ဦးဗျာဝူ | | ကချင်ပြည်နယ် |
| ၁၃၅။ | ဦးဦးရယ် | ရုပ်သံကျွမ်းကျင်(၃) (ငြိမ်း) | ကယားပြည်နယ် |
| ၁၃၆။ | ဦးကျော်ညွန့်(ခ) ဦးညွန့်လွင် | | ကယားပြည်နယ် |
| ၁၃၇။ | ဦးဂေဗရယ်ပျန် | | ကယားပြည်နယ် |
| ၁၃၈။ | ဦးပေါလု | | ကယားပြည်နယ် |
| ၁၃၉။ | ဦးထူးကော် | | ကယားပြည်နယ် |
| ၁၄၀။ | ဦးရယ်မိုးငြိမ်း | | ကယားပြည်နယ် |
| ၁၄၁။ | ဦးစောသိန်းဇင် | | ကရင်ပြည်နယ် |
| ၁၄၂။ | ဦးစောအယ်ဒီထွေး | | ကရင်ပြည်နယ် |
| ၁၄၃။ | ဦးအောင်ငွေ | | ကရင်ပြည်နယ် |
| ၁၄၄။ | ဦးဂေခ္ခီရှိန်း | | ချင်းပြည်နယ် |
| ၁၄၅။ | ဦးထပ်လိုင်း | | ချင်းပြည်နယ် |
| ၁၄၆။ | ဦးဝင်းတင့် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄၇။ | ဦးသန်းကြွယ် | | တနင်္သာရီတိုင်းဒေသကြီး |
| ၁၄၈။ | ဒေါက်တာအောင်သာ | | တနင်္သာရီတိုင်းဒေသကြီး |

| | | | |
|---|---|---|---|
| ၁၄၉။ | ဦးအင်ရှိန် | | တနင်္သာရီတိုင်းဒေသကြီး |
| ၁၅၀။ | ဦးသန်းဦး | | ပဲခူးတိုင်းဒေသကြီး |
| ၁၅၁။ | ဦးကျော်စိုး | | ပဲခူးတိုင်းဒေသကြီး |
| ၁၅၂။ | ဦးထင်ကျော် | | ပဲခူးတိုင်းဒေသကြီး |
| ၁၅၃။ | ဦးရင်မောင် | | ပဲခူးတိုင်းဒေသကြီး |
| ၁၅၄။ | ဦးကျော်မြင့် | | မကွေးတိုင်းဒေသကြီး |
| ၁၅၅။ | ဦးအောင်ထူး | | မကွေးတိုင်းဒေသကြီး |
| ၁၅၆။ | ဦးဉာဏ်လင်း | | မကွေးတိုင်းဒေသကြီး |
| ၁၅၇။ | ဦးပြေကျော် | | မကွေးတိုင်းဒေသကြီး |
| ၁၅၈။ | ဦးသောင်းဟန် | | မကွေးတိုင်းဒေသကြီး |
| ၁၅၉။ | ဦးစိန်ဟန် | | မကွေးတိုင်းဒေသကြီး |
| ၁၆၀။ | ဦးစိုးမောင် | | မကွေးတိုင်းဒေသကြီး |
| ၁၆၁။ | ဦးအောင်နေသန်း | | မကွေးတိုင်းဒေသကြီး |
| ၁၆၂။ | ဦးစိုးမြင့် | | မကွေးတိုင်းဒေသကြီး |
| ၁၆၃။ | ဗိုလ်မှူးမြသိန်း(ငြိမ်း) | | မန္တလေးတိုင်းဒေသကြီး |
| ၁၆၄။ | ဦးလှထွန်း | | မန္တလေးတိုင်းဒေသကြီး |
| ၁၆၅။ | ဦးစိုးဝင်း | | မန္တလေးတိုင်းဒေသကြီး |
| ၁၆၆။ | ဒေါက်တာအောင်ဝေ | | မန္တလေးတိုင်းဒေသကြီး |
| ၁၆၇။ | ဦးအောင်ကျော်ဦး | | မန္တလေးတိုင်းဒေသကြီး |
| ၁၆၈။ | ဦးစောရွှေ | | မန္တလေးတိုင်းဒေသကြီး |
| ၁၆၉။ | ဦးခင်မောင်ညို | | မန္တလေးတိုင်းဒေသကြီး |
| ၁၇၀။ | ဦးဖေတင် | | မန္တလေးတိုင်းဒေသကြီး |
| ၁၇၁။ | ဦးကိုကိုလေး | | မန္တလေးတိုင်းဒေသကြီး |
| ၁၇၂။ | ဦးအောင်မွန် | | မန္တလေးတိုင်းဒေသကြီး |
| ၁၇၃။ | ဦးအေးရှိန် | | မွန်ပြည်နယ် |
| ၁၇၄။ | ဦးခွန်ဖေမြ | | မွန်ပြည်နယ် |
| ၁၇၅။ | ဒေါ်ဖြူဖြူဝင်း | | မွန်ပြည်နယ် |
| ၁၇၆။ | ဒေါ်ရီရီမြင့် | | မွန်ပြည်နယ် |
| ၁၇၇။ | ဦးရွှေမြင့်ဦး | | မွန်ပြည်နယ် |
| ၁၇၈။ | ဦးမြင့်လွင် | | မွန်ပြည်နယ် |
| ၁၇၉။ | ဦးအောင်သန်း | | မွန်ပြည်နယ် |
| ၁၈၀။ | ဦးမြင့်ဦး | | မွန်ပြည်နယ် |
| ၁၈၁။ | နိုင်ချေမွန် | | မွန်ပြည်နယ် |
| ၁၈၂။ | နိုင်တလမွန် | | မွန်ပြည်နယ် |
| ၁၈၃။ | နိုင်ဇေ | | မွန်ပြည်နယ် |
| ၁၈၄။ | နိုင်ခင်စိုး | | မွန်ပြည်နယ် |
| ၁၈၅။ | ဦးစောမောင်အေး | | မွန်ပြည်နယ် |
| ၁၈၆။ | ဒေါ်တင်တင်လှ(ခ)ဘလော်ဆွမ်ဘသိန်း | | မွန်ပြည်နယ် |
| ၁၈၇။ | နိုင်စံရှိန် | | မွန်ပြည်နယ် |
| ၁၈၈။ | ဒေါ်နှင်းမြ | | မွန်ပြည်နယ် |
| ၁၈၉။ | ဦးဝမ်ထိန် | | မွန်ပြည်နယ် |
| ၁၉၀။ | ဦးသိန်းမောင် | | ရခိုင်ပြည်နယ် |
| ၁၉၁။ | ဦးမင်းနိုင် | ပန်းချီပညာရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၂။ | ဦးသောင်းဟန် | ပန်းချီပညာရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၃။ | ဦးထွန်းရီ | | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၄။ | ဦးချန်ထွန်း | | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၅။ | ဦးစန်းမြင့် | | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၆။ | ဦးဘစိန် | | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၇။ | ဦးမောင်မောင်သိန်း | | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၈။ | ဦးမျိုးမြင့် | | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉၉။ | ဦးမြသိန်း | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၀။ | ဦးမြတ်ဦး | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၁။ | ဦးလေးမြင့် | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၂။ | ဦးအုန်းသန်း | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၃။ | ဦးစောဖော်တာလူး | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၄။ | ဦးမင်းနိုင် | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၅။ | ဦးကျော်ညွန့် | | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀၆။ | ဦးစိုင်းညွန့်လွင် | | ရှမ်းပြည်နယ် |
| ၂၀၇။ | ဦးစိုင်းထွန်းကြည် | | ရှမ်းပြည်နယ် |
| ၂၀၈။ | ဦးကျန်းဝေ(ခ)ဦးခင်နိုင် | | ရှမ်းပြည်နယ် |
| ၂၀၉။ | ဦးခွန်ထွန်းဦး | | ရှမ်းပြည်နယ် |
| ၂၁၀။ | ဦးစိုင်းဆောင်ဆီ(ခ)ဦးနယ်လ်ဆင် | | ရှမ်းပြည်နယ် |
| ၂၁၁။ | ဦးစိုင်းတင်ဝင်း | | ရှမ်းပြည်နယ် |
| ၂၁၂။ | ဦးစိုင်းထွန်းအောင် | | ရှမ်းပြည်နယ် |
| ၂၁၃။ | ဦးစိုင်ဖ(ခ)ဦးလှဖေ | | ရှမ်းပြည်နယ် |
| ၂၁၄။ | ဦးရဲလွင်ဦး | | ရှမ်းပြည်နယ် |
| ၂၁၅။ | ဦးသန်းလွင် | | ရှမ်းပြည်နယ် |

စာမျက်နှာ ၁၄ သို့ ☆

☆ စာမျက်နှာ ၁၃ မှ

၂၁၆။ ဦးအောင်မြင့်ဦး ရှမ်းပြည်နယ်
၂၁၇။ ဒေါက်တာလဆိုင်း ရှမ်းပြည်နယ်
၂၁၈။ ဦးဝုန်ဆာ(ခ)ဦးယောဝိ ရှမ်းပြည်နယ်
၂၁၉။ ဦးသိန်းဇော် ရှမ်းပြည်နယ်
၂၂၀။ ဦးကန္နှ ရှမ်းပြည်နယ်
၂၂၁။ ဦးဂုဏ်ခေး(ခ)စိုင်းခမ်းသီ ရှမ်းပြည်နယ်
၂၂၂။ ဦးစိုင်းကြူ ရှမ်းပြည်နယ်
၂၂၃။ ဦးစိုင်းခွန်ဆေ ရှမ်းပြည်နယ်
၂၂၄။ ဦးစိုင်းညို(ခ)ခွန်စစ်ညို ရှမ်းပြည်နယ်
၂၂၅။ ဦးပွမ်ဝမ်း ရှမ်းပြည်နယ်
၂၂၆။ ဦးချစ်ဆွေ ရှမ်းပြည်နယ်
၂၂၇။ ဦးခွန်လူး ရှမ်းပြည်နယ်
၂၂၈။ ဦးကျဒယ် ရှမ်းပြည်နယ်
၂၂၉။ ဦးစိုင်းလုံဆိုင်လန်း ရှမ်းပြည်နယ်
၂၃၀။ ဦးထွန်းကျော် ရှမ်းပြည်နယ်
၂၃၁။ ဒေါက်တာယားဘိုရှီး ရှမ်းပြည်နယ်
၂၃၂။ ဦးစိုင်းအောင်ကြည် ရှမ်းပြည်နယ်
၂၃၃။ ဦးစိုင်းကျော်ညွန့် ရှမ်းပြည်နယ်
၂၃၄။ ဦးစိန်မောင် ရှမ်းပြည်နယ်
၂၃၅။ ဦးတေဇ ရှမ်းပြည်နယ်
၂၃၆။ ဦးရားဇေ ရှမ်းပြည်နယ်
၂၃၇။ ဦးကောင်တိုင်း ရှမ်းပြည်နယ်
၂၃၈။ ဦးခွန်သိန်းလွင် ရှမ်းပြည်နယ်
၂၃၉။ ဦးကျော်မြင့်(ခ)ဦးဝင်းမောင် ရှမ်းပြည်နယ်
၂၄၀။ ဦးမြင့်လွင်(ခ)ဦးဝမ်ကွယ်တာ ရှမ်းပြည်နယ်
၂၄၁။ ဦးစိုင်းနောင့် ရှမ်းပြည်နယ်
၂၄၂။ ဦးစံထွန်း ရှမ်းပြည်နယ်
၂၄၃။ ဦးစိုင်းအောင်မြင့် ရှမ်းပြည်နယ်
၂၄၄။ ဦးစိုင်းထူး ရှမ်းပြည်နယ်
၂၄၅။ ဦးထွန်းထွန်းမြင့် ရှမ်းပြည်နယ်
၂၄၆။ ဦးမန်းနယ်လ်ဆင် ဧရာဝတီတိုင်းဒေသကြီး
၂၄၇။ ဦးမောင်မောင်သန်း ဧရာဝတီတိုင်းဒေသကြီး
၂၄၈။ ဦးဆန်းညွန့် ဧရာဝတီတိုင်းဒေသကြီး
၂၄၉။ ဒေါ်ယဉ်ယဉ်ဌွေး ဧရာဝတီတိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ထားဝယ်မြို့၌ အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ



ထားဝယ် ဇန်နဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း( ထားဝယ် )တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ က ထားဝယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးသက်နိုင်က အခြေခံကွန်ပျူတာ သင်တန်းတွင် တက်ရောက်သင်ကြားခဲ့သည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချခဲ့သော ဘာသာရပ်များ၊ သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အသုံးချ၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေတိုးပွားပြီး ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးကို အထောက်အကူ ပြုနိုင်မည်ဖြစ်သည့်အတွက် ကြိုးစားကြစေလိုကြောင်း၊ အခြေခံစက်ချုပ်သင်တန်းကို တက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့်လည်း သင်တန်းတွင် ကြိုးစားသင်ယူကြရန်နှင့် သင်တန်ဆင်းသည့်အခါ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်သွားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းကြရန်လိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကော်မတီအတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ကြီး ဦးဟိဏ်းထက်အောင်က သင်တန်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသား ၁၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အခြေခံစက်ချုပ်သင်တန်းကို ဇန်နဝါရီ ၄ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ လေကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကွန်ဟိန်းမြို့မဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေး

ကွန်ဟိန်း ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့မဈေးအတွင်း၌ ဈေးမီးဘေးလုံခြုံရေးအတွက် အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးစိုးမင်းကျော်က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရာတွင် မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်နှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မတော်တဆ ဆီပူဒယ်အိုးမီးလောင်မှုအား မီးငြိမ်းသတ်ခြင်း၊ မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပြီး ဈေးသူ ဈေးသားများကိုလည်း မီးငြိမ်းသတ်မှုများကို လက်တွေ့လေ့ကျင့်ဆောင်ရွက်စေခြင်းများ ဆောင်ရွက်ပြီး မြို့မဈေးအတွင်း၌ မီးသတ်ဆေးဘူး တပ်ဆင်ထားရှိမှုနှင့် လျှပ်စစ်ဝိုင်ယာကြိုးများတပ်ဆင်ထားရှိမှု အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## ဟသ္သာတမြို့နယ်၌ စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

ဟသ္သာတ ဇန်နဝါရီ ၃

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဟသ္သာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ဟသ္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က စံပြမိခင်နှင့်ကလေးပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မွေးကင်းစမှ အသက်(၆)လအောက် ကလေးများ၊ အသက်(၆)လမှ (၁)နှစ်အထိကလေးများ၊ အသက်(၁)နှစ်မှအသက်(၂)နှစ်အထိ ကလေးများနှင့် မိခင်များ စုစုပေါင်း ၆၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင် မိခင်နှင့် ကလေးငယ်များကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန္တာဦး၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်အိအိခင် ဦးဆောင်သောအဖွဲ့ဝင်များက လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျုံပျော်မြို့နယ်၌ စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

ကျုံပျော် ဇန်နဝါရီ ၃

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့ မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထူးရည်ရွှေက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို မွေးကင်းစမှ အသက်(၆)လအောက် ကလေးများ၊ အသက်(၆)လမှ (၁)နှစ်အောက်ကလေးများ၊ အသက်(၁)နှစ်မှ (၂)နှစ်အထက် ကလေးများနှင့် မိခင်များ ပါဝင်ယှဉ်ပြိုင်ကြရာ အကဲဖြတ်ဒိုင်အဖွဲ့များက စိစစ်ရွေးချယ်အမှတ်ပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကျုံပျော်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုစင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဆုနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဖွင့်ပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ စိုက်ခင်းထူးချွန်ဆု၊ သစ်ဖမ်းဆီးရမိမှု ထူးချွန်ဆုနှင့် လွတ်လပ်ရေးနေ့ အကြို အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အားကစားပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို အင်ကြင်းခန်းမတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ခင်း၊ တရားမဝင်သစ်ဖမ်းဆီးရမိမှုနှင့် အားကစားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများနှင့် ဆုရအသင်းများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ညနေပိုင်းတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ ဖွင့်ပွဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်ခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ရန်အောင်မြင်အမျိုးသားဆောင်၌ ကျင်းပသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ၏ အဆို၊ အကနှင့် တေးသရုပ်ဖော် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁၊ ၂ နှင့် ၃)တို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ လွန်ဆွဲ(အမျိုးသား၊ အမျိုးသမီး)၊ ထုပ်ဆီးတိုး (အမျိုးသမီး) တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။



### ယှဉ်ပြိုင်အနိုင်ရရှိ

ဦးစွာ ထုပ်ဆီးတိုး(အမျိုးသမီး) တတိယလုပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို ရမှတ် ၁၄ မှတ်– ၆ မှတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို ရမှတ် ၂၅ မှတ်–၅ မှတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

လွန်ဆွဲ(အမျိုးသမီး) တတိယလုပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်လည်းကောင်း၊ လွန်ဆွဲ (အမျိုးသား) တတိယလုပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လွန်ဆွဲ (အမျိုးသမီး) ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လွန်ဆွဲ (အမျိုးသား) ဗိုလ်လုပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်း၊ တတိယဆုရရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ စတုတ္ထဆုရရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်း၊ ဒုတိယဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်း၊ စတုတ္ထဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ တတိယဆုရရှိသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် စတုတ္ထဆုရရှိသော ပြည်ထောင်စုရာထူးဝန် အသင်းတို့ကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# Naypyitaw State Academy ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၃

Naypyitaw State Academy တွင် ကျောင်းသား ကျောင်းသူများ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိနားလည်စေရန် ရည်ရွယ်၍ ဆေးလိပ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Naypyitaw State Academy မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဇော်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအမျိုးအစားများကိုလည်းကောင်း၊ ဇီဝကမ္မဗေဒဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာမင်းအောင်ဇော်မြင့်က မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် နောက်ဆက်တွဲပြဿနာများကိုလည်းကောင်း၊ အင်္ဂလိပ်စာဌာနမှ ကထိက ဒေါ်အိမွန်ကျော်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာ လေ့လာရေးခရီးစဉ်အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

**သတင်းစဉ်**



# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူများ ကွင်းဆင်းကုသမှုများ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာဌာန၏ သင်ရိုးညွှန်းတမ်းနှင့်အညီ စတုတ္ထနှစ်အောင် ကျောင်းသား ကျောင်းသူ ၆၉ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၂၀ တို့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် သွားနှင့်ခံတွင်း ကုသမှုများ၊ ပညာပေးဟောပြောမှုများနှင့် သွားနှင့်ခံတွင်း စစ်တမ်းကောက်ယူမှုများကို ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ညောင်ဦးမြို့နယ်၌ ယွန်းတန်းဓမ္မာရုံ၊ ညောင်ဦးပြည်သူ့ဆေးရုံကြီး၊ တောင်ဇင်းတိုက်နယ်ဆေးရုံနှင့် စဉ့်ကူတိုက်နယ်ဆေးရုံတို့တွင်လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ်၌ သီရိမင်္ဂလာရပ်ကွက်၊ မြို့မရပ်ကွက်၊ မကြီးကိုင်းကျေးလက်ကျန်းမာရေးဌာန၊ ဆည်ပေါက်ကျေးလက်ကျန်းမာရေးဌာနနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် ဆောင်ရွက်ခဲ့ကြပြီး စုစုပေါင်း သွားနှင့်ခံတွင်းလူနာ ၆၃၃ ဦး၊ စစ်တမ်းကောက်ယူမှု ၁၂၄၀ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကွင်းဆင်းဆောင်ရွက်မှုများကို ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က အနီးကပ်ကြည့်ရှု ကူညီပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈ နာရီတွင်ဇေယျာသီရိမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**အခမ်းအနားဖွင့်လှစ်**

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့က ပညာရေးစုံညီပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "စုံညီပွဲတော်တို့နွဲပျော်" တေးသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရေးပြက္ခဒိန်တွင် ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်မှုများကို ထုတ်ဖော်ဂုဏ်ပြုနိုင်ရေးအတွက် ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ နှစ်စဉ် ဇန်နဝါရီ ၃ ရက်ကို ပညာရေးစုံညီပွဲတော်နေ့အဖြစ်သတ်မှတ်ပြီး ဆုချီးမြှင့်ပွဲ၊ စွမ်းရည်ပြပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို တစ်နိုင်ငံလုံးတွင် ကျင်းပဆောင်ရွက်ခဲ့ကြကြောင်း၊ ကျောင်းသားလူငယ်များကို ကျောင်းသင်ဘာသာရပ်အပြင် လူတော်လူကောင်း တစ်ဦးအနေဖြင့် ဘဝတွင်ကြုံတွေ့ရမည့်ပြောဆိုဆက်သွယ်မှု၊ စီမံခန့်ခွဲမှု၊ လူမှုရေးတာဝန်သိတတ်ကျေပွန်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ပြဿနာဖြေရှင်းတတ်မှု၊ မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်မှုစသည်တို့ကို ကျောင်းတွင်းလုပ်ငန်းများနှင့် လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

လာမည့်ပညာသင်နှစ်များတွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်သားကောင်း၊ သမီးကောင်းရတနာလေးများ ပေါ်ထွန်းလာအောင် ပညာရေးမိသားစုများအားလုံးနှင့် မိဘပြည်သူများ၊ ကျောင်းအကျိုးဆောင်များအားလုံး ဝိုင်းဝန်းပံ့ပိုးကူညီကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အင်္ဂလိပ်နှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့က ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ရွှေမြန်မာ သာယာငြိမ်းချမ်း" တေးသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပန်းဥယျာဉ်ဝယ်" တေးသီချင်း၊ ပျဉ်းမနားမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက "ရွှေမြန်မာ" တေးသီချင်း၊ ဇေယျာသီရိ မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မလေးလက်ခတ်သံ" တေးသီချင်း၊ ဇေယျာသီရိ မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ထန်းရွက်ပုတီးလေး" "ခေတ် (၆) ခေတ်" "အောင်ပါစေ" တေးသီချင်းများဖြင့် တေးသရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာဆုရရှိသူများ၊ National ICT Awards–2024 (Educational Project and skills Competition) ပြိုင်ပွဲဆုရရှိသူများ၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးဆုရရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်အမှတ်စဉ် (၇၃) စစ်ရေးပြထူးချွန်ဆုနှင့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) တွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(အလက-၃)၏ သိပ္ပံဘာသာရပ်ဆိုင်ရာသင်ထောက်ကူပြခန်း၊ ဇေယျာသီရိမြို့နယ်နှင့် နေပြည်တော်ကိုယ်ပိုင်ကျောင်းအသင်းမှ သင်ရိုးသစ်သင်ထောက်ကူပြခန်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြခန်း၊ စွန့်ဦးတီထွင်ပြခန်းတို့ကို ကြည့်ရှုလေ့လာအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ကျင်းပ



**ပဲခူး ဇန်နဝါရီ ၃**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ပဲခူးမြို့ မြို့တော်ခန်းမရှေ့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်မုခ်ဦးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ဗဟိုအဆင့် စာပေ၊ ဂီတ၊ အနုပညာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့်သာယာဝတီခရိုင်တို့မှဘာသာရပ်အလိုက်လက်တွေ့သရုပ်ပြသမှု ပညာရေးပြခန်းများ၊ ဒေသထွက်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



၂၀၂၄- ၂၀၂၅ ပညာသင်နှစ် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၏ သီရိမင်္ဂလာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးက အမှာစကားပြောကြားစဉ်။ ကြေးမုံ

# အထက(၁)ဒဂုံ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

**တီးမှုတ်ဖျော်ဖြေ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြင့်အောင်၊ မိဘဆရာ အသင်းနာယကများ၊ ကျောင်းအကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး ဒေါက်တာ စန္ဒာမြငြိမ်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး



ကျောင်းသား ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားအက၊ သံစုံတီးဝိုင်းတို့ဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် လူမှုရေးရာဝန်ကြီးနှင့် ကျောင်းအုပ်ကြီးတို့က အမှာစကား ပြောကြားကြပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကာ ကျောင်းသား ကျောင်းသူများက တေးသီချင်းအကများ၊ တိုက်ကွမ်ဒိုစွမ်းရည် ပြသခြင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျား ( H.E. Ms. Ma Jia ) အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စွမ်းအင်ကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ မြန်မာနှင့်တရုတ် နှစ်နိုင်ငံလုံးသည် သဘာဝဓာတ်ငွေ့လိုအပ်ချက်များ မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင် LNG Terminal တည်ဆောက်ပြီး သဘာဝဓာတ်ငွေ့ထုတ်ယူ၍ မျှဝေသုံးစွဲနိုင်ရန်အတွက် လျင်မြန်စွာပူးပေါင်းဆောင်ရွက်လိုသည့်အခြေအနေ၊ မြန်မာ-တရုတ်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အသုံးပြုနိုင်ရန်အတွက် ဖြစ်နိုင်ခြေဆန်းစစ်ခြင်းကို ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံစိမ်းပိုက်လိုင်းမှ ရရှိမည့် ရေနံစိမ်းကိုရယူပြီး ရေနံချက်စက်ရုံအသစ် ပူးပေါင်းတည်ဆောက်မည့် စီမံကိန်းဆိုင်ရာများ၊ မြန်မာနိုင်ငံ၏အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများ၊ ပိုက်လိုင်းများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် နှစ်နိုင်ငံအစိုးရချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးသန့်စင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန နှစ်သစ်ကူးမိတ်ဆုံစားပွဲနှင့် ကံစမ်းမဲဖောက်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ နှစ်သစ်ကူးမိတ်ဆုံစားပွဲနှင့် ကံစမ်းမဲဖောက်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇) ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




## ပူးပေါင်းပါဝင်ဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများကို ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားအောင်ဆောင်ရွက်၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှစ်သစ်ကူးမိတ်ဆုံစားပွဲနှင့် ကံစမ်းမဲဖောက်ခြင်းအခမ်းအနား ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်ပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများအတွက် ကံစမ်းမဲအစီအစဉ်ဆောင်ရွက်ပေးနေမှုကို အားပေးကြည့်ရှု၍ ဆုမဲများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားများ ကျင်းပ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၃ ရက်တွင် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက ထူးချွန်ဆုရလူရည်ချွန်ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

သတင်းစဉ်






မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အထက (၁) ရှိ ရှင်အရဟံခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဌေးက ပညာရေးစုံညီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။

အောင်မျိုးသူ (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက (၇) ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကို၊ စီမံအဖွဲ့ဝင် (၂) ဦးအောင်စိုး၊ စီမံအဖွဲ့ဝင်(၃) ဦးဝင်းနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီဂီတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆုရသူများအား ဆုများချီးမြှင့်ပေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)




ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်ထားအောင်နှင့် တာဝန်ရှိသူများက ဆုရသူများအား ဆုများပေးအပ်စဉ်။

တင်စိုးလွင်

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်နံနက်ပိုင်းက အဆိုပါကျောင်း ပင်လုံခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများက အကအလှများဖြင့် ကပြဖျော်ဖြေစဉ်။

ကျော်စိုးမိုး
(မင်္ဂလာတောင်ညွန့်)



# မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်းရှိ နေအိမ်နှင့် စာသင်ကျောင်းအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ၎င်းတို့သိုဝှက်သိမ်းဆည်းထားသည့် ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်ပြီး အရပ်သား ပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းများကို ကျူးလွန်လျက်ရှိသည့်အပြင် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၊ နေအိမ်များအတွင်း၌ သိုဝှက်သိမ်းဆည်းခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်သိမ်းဆည်းခြင်းများ အပါအဝင် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ် ဆောင်ရွက်လျက်ရှိစဉ် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ငါန်းဇွန် မြို့ အနောက်ဘက် မီတာ ၈၅၀၀ ခန့်အကွာ ကုလားကျေးရွာ အတွင်း၌ ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်းနှင့် လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂ ရက် ည ၁၁ နာရီခန့်တွင် အဆိုပါ ကျေးရွာအတွင်းသို့ ရုတ်ချည်း ထိုးဖောက် ဝင်ရောက်တိုက်ခိုက်၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်း ခိုအောင်းနေထိုင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားနှင့် ရင်ဆိုင်ထိတွေ့မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမား သုံးဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့ခိုအောင်းနေထိုင်လျက်ရှိသည့် နေအိမ်နှင့်စာသင်ကျောင်းအတွင်းမှ ဖောက်ခွဲဖျက်ဆီးရေးဆက်စပ်ပစ္စည်းများ၊ ၎င်းတို့အသုံးပြုလျက်ရှိသည့် ကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း စာတန်းပါ Nissan Xtrail အမျိုးအစား ယာဉ်တစ်စီးနှင့် Hijet အမျိုးအစား ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် ယခင်ကလည်း အုပ်ချုပ်မှုခက်ခဲပြီး အလှမ်းကွာဝေးသည့် မြို့၊ ရွာ အချို့တို့သို့ ဝင်ရောက်၍ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ကာ စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ပြည်သူလူထုတို့၏ နေအိမ်များအတွင်းသို့ဝင်ရောက်နေရာယူ၍ အတွင်း/အပြင်၌ ခြံစည်းရိုးပတ်လည်အား သဲအိတ်များကာရံခြင်း၊ မိုင်းများထောင်ထားခြင်း၊ သဲအိတ်ဘန်ကာများ တည်ဆောက်ခြင်း၊ အကြမ်းဖက် လေ့ကျင့်ရေးကွင်းများ ဖောက်လုပ်ခြင်းများပြုလုပ်ကာ အခိုင်အမာ စခန်းတည်ဆောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန်ကြိုးပမ်းခဲ့သည့်ဖြစ်စဉ်များလည်းရှိခဲ့ပြီး တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်တားဆီးနိုင်ခဲ့မှုများနှင့် အကြမ်းဖက်သမားများအနေဖြင့် ပရဟိတလုပ်ငန်းခေါင်းစဉ်အကြောင်းပြ၍ အဆိုပါယာဉ်များအသုံးပြုကာ လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်လျက်ရှိမှုများကိုလည်း သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အကြမ်းဖက်သမားများ အနေဖြင့် ထိုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပြည်သူလူထုတို့၏ နေအိမ်များ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများကို အသုံးချကာ ခိုအောင်းနေထိုင်ခြင်း၊ လက်နက်၊ ခဲယမ်းများ သိုဝှက်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များ၏ ပညာသင်ယူခွင့်ကို ထိခိုက်နစ်နာစေရုံသာမက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပညာရည်မြင့်မားမှုကို ပိတ်ပင်ဖျက်ဆီးမှုဖြစ်သဖြင့် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ သိမ်းဆည်းရမိ ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ၎င်းတို့၏ လှုပ်ရှားမှု သတင်းများအား အချိန်မီ ပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်မည့် အကြမ်းဖက်သမားများနှင့် လက်နက်၊ ခဲယမ်းများကို ယခုကဲ့သို့ အချိန်မီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်၍လည်း အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ခြင်းဖြင့် ရပ်ရွာတည်ငြိမ် အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ရည်ညွှန်းချက်

● ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိသည့် နေရာ

PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖောက်ခွဲရေးပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် ဖြစ်စဉ်နေရာပြပုံ။





PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖော်ထုတ်သိမ်းဆည်းရမိသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား တွေ့မြင်ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများ၏ ရုပ်အလောင်းအား တွေ့မြင်ရစဉ်။





PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ငါန်းဇွန်မြို့နယ် ကုလားကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းစဉ် ဖော်ထုတ်သိမ်းဆည်းရမိသည့် ၎င်းတို့အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များအား တွေ့မြင်ရစဉ်။

---

**❍ MFF မှ**

Pacific Sun Far အသင်းက 7 Brother အသင်းကို လေးဂိုး–ဂိုးမရှိ၊ 7 Drangon အသင်းက TG United အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး YCDC Marga Youth အသင်းနှင့် KKY အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ် (၁) တွင် အနိုင်ရထားသည့် အသင်းများအနက် Pacific Sun Far အသင်းနှင့် JZ Yangon အသင်းတို့သာ နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် Pacific Sun Far အသင်းနှင့် JZ Yangon အသင်းတို့က ခြောက်မှတ်စီရရှိထားပြီး KKY အသင်းနှင့် Gold Dream အသင်းက လေးမှတ်စီ၊ 7 Brother အသင်း၊ TG United အသင်း၊ လက်ဝဲသုန္ဒရ အသင်းနှင့် 7 Drangon အသင်းတို့က သုံးမှတ်စီ၊ YCDC Marga Youth အသင်းက နှစ်မှတ်၊ Black Cross အသင်း၊ Maryar အသင်းနှင့် ရွှေပြည်သာ ယူနိုက်တက်အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF**

**❂ အတ္တလန္တာမှ**

လေးနှစ်ဆက်တိုက်ဆွတ်ခူးဖို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလနဲ့ ဩဂုတ်လတို့အတွင်းမှာ အတ္တလန္တာအသင်းကို လေးဂိုးပြတ်စီနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းအနေနဲ့ ယခုနှစ် အီတလီစီးရီးအေပြိုင်ပွဲမှာလည်း ဆုဖလားရရှိဖို့ အတ္တလန္တာအသင်း၊ နာပိုလီအသင်းတို့နဲ့ အပြိုင်ဖြစ်နေပြီး အတ္တလန္တာအသင်းနဲ့ နာပိုလီအသင်းတို့ဟာ အင်တာမီလန်အသင်းထက် တစ်ပွဲပိုကစားထားကာ တစ်မှတ်အသာဖြင့် ဇယားထိပ်ဆုံးမှာ ဦးဆောင်နေကြတာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ အီတလီစူပါဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနဲ့ အေစီမီလန်အသင်းတို့ယှဉ်ပြိုင်ကစားမယ့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှ အနိုင်ရရှိတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## လျှောက်လွှာတင်သွင်းရမည့်ရက်တိုးမြှင့်သတ်မှတ်ခြင်း

၂၈-၁၁-၂၀၂၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းကြေညာခဲ့သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)နှင့် အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာများအတွက် လျှောက်လွှာတင်သွင်းရမည့်ရက်ကို ၃၁-၁၂-၂၀၂၄ ရက်နေ့ဟု သတ်မှတ်ခဲ့ခြင်းအစား နောက်ဆုံးတင်သွင်းရမည့်ရက်ကို ၂၀-၁-၂၀၂၅ ရက်အထိ တိုးမြှင့်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

